

# မြန်မာနိုင်ငံကြက်ခြေနီအသင်း

**HR-HQ VA No. 055 – Cleaner**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**သည် မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံးနှင့် ဦးဆောင်ဦးရွက်ပြု နေသော လူမှုကရုဏာအဖွဲ့အစည်းဖြစ်ပြီး ဘေးအန္တရာယ်ကျရောက်လွယ်ဆုံးသူများ၏ ကျန်းမာရေးနှင့် ပိုမိုကောင်းမွန်သော ဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## သန့်ရှင်းရေး

| | | |
|---|---|---|
| **အရေအတွက်** | : | **(၁) ဦး** |
| **အစီရင်ခံတင်ပြမှု** | : | **ဒုတိယမန်နေဂျာ (စီမံနှင့်ဘဏ္ဍာရေး)** |
| **ဌာန** | : | **ကျန်းမာရေးဌာန** |
| **စီမံချက်/စီမံကိန်း** | : | **ဘားအံခြေတုလက်တုဆိုင်ရာပြန်လည်သန်စွမ်းရေးဌာန** |
| **တာဝန်ကျရာနေရာ** | : | **ဘားအံ** |
| **အဆင့်** | : | **A-1** |
| **အကျိုးခံစားခွင့်များ** | : | **လစာ + အပိုထောက်ပံ့ကြေး + ရှောင်တခင်ခွင့်+ ကူးစက်ရောဂါကာကွယ်ခွင့် + လုပ်သက်ခွင့် + ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + နာရေးခွင့် + အစားထိုးနားရက်ခံစားခွင့် + မွေးကင်းစကလေးအား ပြုစုခွင့် + သွေးလှူရှင်ခွင့် + ခရီးသွားစားရိတ် + ကျန်းမာရေးအာမခံနှင့် စုပေါင်းအသက်အာမခံ + စွမ်းဆောင်ရည်မြင့် သင်တန်းများ** |
| **လျှောက်လွှာပိတ်ရက်** | : | **၂၀၂၆ ခုနှစ်၊ မေလ (၁၃) ရက်၊ (၁၆:၃၀)နာရီ** |

**<u>စီမံချက် (သို့) ဌာနအကြောင်း မိတ်ဆက်အကျဉ်း</u>**

ဘားအံခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ကျန်းမာရေးဌာနမှ တာဝန်ယူဆောင်ရွက်နေသော ဌာနတစ်ခု ဖြစ်ပါသည်။ ကရင်ပြည်နယ်၊ ကယားပြည်နယ် ၊မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)မှ မည်သည့်အကြောင်းကြောင့်မဆို ခြေလက်အင်္ဂါချို့ယွင်းသူ Service Users များအား ခြေတုလက်တုများ၊ အကူကိရိယာများ၊ ဘီးတပ်ကုလားထိုင်များ၊ ချိုင်းထောက်၊ လက်ထောက်များဝန်ဆောင်မှုပေးခြင်း၊ Mobile repair service အစီအစဉ်ဖြင့် နယ်များသို့သွားရောက်၍ နယ်လှည့်ခြေတုပြုပြင်ရေး အစီအစဉ် ဝန်ဆောင်မှုပေးခြင်းနှင့် ရပ်ရွာအခြေပြုခြေတုအသေးစားပြုပြင်ဝန်ဆောင်မှု (Repairmen service) တို့ကို အခမဲ့ ဆောင်ရွက်ပေးနေပါသည်။

**"Person with disability are encouraged to apply this post as they will be given equal opportunity"**

**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"**

***Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality***

## ရည်ရွယ်ချက်

**သန့်ရှင်းရေး**သည် ဒုမန်နေဂျာ (စီမံ၊ ဘဏ္ဍာ)၏ ကြီးကြပ်မှုအောက်တွင် လုပ်ဆောင်ရမည်။ ဘားအံခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာန၏ သန့်ရှင်းရေး၊ လျှော်ဖွပ်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးများ ပြုလုပ်ရမည်။ ဌာနမှပြုလုပ်သော အခမ်းအနားငယ်များတွင် လိုအပ်ပါက ကူညီပေးရမည်။

## တာဝန်နှင့်ဝတ္တရားများ

**ဘားအံခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာန ၏ ပတ်ဝန်းကျင်သန့်ရှင်းရေး**

၁. အဆောက်အဦးအတွင်းဖုန်များမရှိစေရန် **(**ကြမ်းတိုက်ခြင်း၊တံမြက်လှည်းခြင်း၊ အမိုးများအား လှည်းကျင်းခြင်း**)**

၂. အမှိုက်စွန့်ပစ်ခြင်း(အမှိုက်ပုံးများ ၊စာရေးကိရိယာများ)

၃. ရုံးသုံးကိရိယာများကို သန့်ရှင်းရေးပြုလုပ်ရန်(တယ်လီဖုန်း၊မိတ္တူကူးစက်၊ကွန်ပျူတာစသည်ဖြင့်)

၄. ရုံးသုံးအဆောင်အယောင်များကို သန့်ရှင်းရေးပြုလုပ်ရန်(စားပွဲ၊ကုလားထိုင်၊ထမင်းစားစားပွဲ၊ခုံတန်းလျား)

၅. သန့်စင်ခန်းနှင့်ရေချိုးခန်းများသန့်ရှင်းရေးပြုလုပ်ရန်

၆. လိုအပ်သော လက်ဆေးဆပ်ပြာနှင့် ရေအိမ်သာသုံးစက္ကူများဖြည့်တင်းရန်

**လူနာများ(**service users**)အတွက်လုပ်ငန်းတာဝန်များ**

၇. အိပ်ဆောင်လူနာများအား နေရာချပေးခြင်း၊ အိပ်ယာအသုံးအဆောင်ပစ္စည်းများနှင့် တစ်ကိုယ်ရည်သုံးပစ္စည်းများ ထုတ်ပေးခြင်း

၈. အိပ်ယာခင်း၊ ခြင်ထောင်စသော အဝတ်များလျှော်ဖွပ်ခြင်း၊ မီးပူတိုက်ခြင်း

**အခြားသောအလုပ်တာဝန်များ**

၉. အစည်းအဝေးခန်းမကိုပြင်ဆင်ခြင်း

၁၀. ဧည့်သည်များအတွက် အခန်းများကိုပြင်ဆင်၊ သန့်ရှင်းရန်

၁၁. ပြုပြင်ရန်လိုအပ်ပါက ဒုမန်နေဂျာ(စီမံ၊ဘဏ္ဍာ)ထံအကြောင်းကြားရန်

၁၂. လစဉ် အိပ်ဆောင်ပစ္စည်းစာရင်းကို ဒုမန်နေဂျာ(စီမံ၊ဘဏ္ဍာ)သို့တင်ပြရန်

၁၃. အခြားဌာနများမှ အကူအညီလိုလျှင်ကူညီရန်

**အထွေထွေတာဝန်များ**

၁၄. ပစ္စည်းကိရိယာများ၊ စက်ပစ္စည်းများ တစုံတရာ ချို့ယွင်းပျက်စီးပါကဒုမန်နေဂျာ (စီမံ၊ဘဏ္ဍာ)ထံသတင်းပို့ရန်

၁၅. အရေးပေါ်ဖျားနာခြင်း၊ခွင့်ယူခြင်း၊ ပျက်ကွက်ခြင်းတို့အတွက်ဒုမန်နေဂျာ(စီမံ၊ဘဏ္ဍာ)ထံ သတင်းပို့ရန်

၁၆. **HORC** ၏ဦးတည်ချက်နှင့် လုပ်ဆောင်ချက်များသိရှိရန်
၁၇. ကြက်ခြေနီ၏ လှုပ်ရှားမှုကို နားလည်သဘောပေါက်ရန်
၁၈. လုံခြုံရေးကိုဂရုစိုက်ရန်
၁၉. မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးရန်
၂၀. ပြဿနာတစုံတရာ ပေါ်ပေါက်လာပါက ချက်ချင်းသတင်းပို့ရန်
၂၁. ဝန်ထမ်းသည် ဤအလုပ်တာဝန် ဖော်ပြချက်တွင် ဖော်ပြမထားသော တာဝန်ဝတ္တရားများအပြင်၊ လိုအပ်ပါက အခြားသော တာဝန်ဝတ္တရားများကိုလည်း လုပ်ဆောင်ရမည်ဖြစ်သည်။

## လိုအပ်သောအရည်အချင်းများ

- **အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးသူဖြစ်ရမည်။**
- အလားတူလုပ်ငန်းအတွေ့အကြုံရှိရမည်။
- သတ်မှတ်ထားသော အလုပ်များကို အချိန်မှီ ပြီးစီးအောင်လုပ်ဆောင်နိုင်စွမ်းရှိရမည်။
- အခြေခံအင်္ဂလိပ်စကားပြောနိုင်သူကို ဦးစားပေးမည်။
- ကြက်ခြေနီအခြေခံမူ (၇) ချက်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မဟာဗျူဟာနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။
- ကြက်ခြေနီနှင့် လခြမ်းနီအခြေခံမူများကို နားလည်လက်ခံပြီး တက်ကြွစွာမြှင့်တင်လိုစိတ်ရှိသူဖြစ်ရမည်။
- ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုကရုဏာလှုပ်ရှားမှုများတွင် အတွေ့အကြုံရှိသူအား ဦးစားပေးမည်။
- အထက်ပါအရည်အချင်းနှင့်ပြည့်စုံသော ကြက်ခြေနီစေတနာလုပ်အားရှင်များ လျှောက်ထားပါက ဦးစားပေးမည်။
- လျှောက်ထားသူများအနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဝန်ထမ်းစည်းမျဉ်း၊ အသင်း၏ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်း (Code of Conduct)၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုကျင့်ခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးမူဝါဒ (PSEA Policy)၊ ကလေးသူငယ် ကာကွယ်ပေးရေးဆိုင်ရာမူဝါဒ အပါအဝင် ၎င်း၏ စံချိန်စံညွှန်းများ (Child Safeguarding Standards)၊ လိမ်လည်မှုနှင့် အကျင့်ပျက်လာဘ်စားခြင်းအား တားဆီးကာကွယ်ခြင်းဆိုင်ရာမူဝါဒ (Anti-Fraud and Anti-Corruption Measures)၊ အခွင့်အလမ်း တန်းတူညီမျှမှုဆိုင်ရာ စည်းမျဉ်းများ (Equal Opportunity Principles)နှင့် အခြားသော လုံးဝ ခွင့်မလွှတ်ပေးနိုင်သည့် (Zero-Tolerance) မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအား အပြည့်အဝ လေးစားလိုက်နာရန် လိုအပ်ပါသည်။

**“ကျွန်ုပ်တို့အဖွဲ့အစည်းသည် မတူကွဲပြားမှု (Diversity) နှင့် ကျား/မ တန်းတူညီမျှမှု (Gender Equality) တို့ကို တိုးတက်မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မတူကွဲပြားသော နောက်ခံအခြေအနေ အတွေ့အကြုံရှိသူများကို လျှောက်ထားရန် အားပေးတိုက်တွန်းပါသည်။”**

*****စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ္တူ/ PDF Version ဖြင့် ပြည့်စုံစွာပေးပို့လျှောက်ထားမှသာလျှင် ထည့်သွင်းစဉ်းစားမည် ဖြစ်ပါသည်-**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**ရုံးချုပ်**
**ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊**
**နေပြည်တော်။**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**ရုံးခွဲ**
**အမှတ်(၄၂)၊ ကမ်းနားလမ်း၊ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်။**

(သို့မဟုတ်) **mrcshrrecruitment@redcross.org.mm** သို့ လိပ်မူကာ ပေးပို့ရမည်။

အသေးစိတ်အချက်အလက်များအား **www. redcross.org.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။**